
PUBLISHING

# Only Me

## နွေသစ်ငြိမ်း

ကဗျာနှင့်အက်ဆေးများ



DESIGN :
KHALEL
(09-792023248)

ပြောပြပါ . . . တောမကျ မြို့မကျ ရွာလေးရဲ့
ဖြတ်သွားဖြတ်လာ လမ်းနံဘေးမှာ ညီမလေး ချစ်တဲ့ ပန်းတွေ
ဖွေးနေတဲ့ အကြောင်း

လွန်ခဲ့သော ဆယ်စုနှစ်တစ်ခု ပတ်ချာလည်က မြန်မာပြည်တွင် အွန်လိုင်း ကဗျာဆရာများ ဟူသည့် အသုံးအနှုန်း စတင် ခေတ်စားလာသည် ။ Blog များ ထောင်ကာ အဆင်ပြေရာ ပြေရာ အုပ်စုဖွဲ့ ကဗျာ ရေးသားဝေမျှ။ သည် လိုနှင့် ကဗျာ ချစ်သူများ စွာ အစုလိုက် အစုလိုက် ဖြစ်ပေါ်လာသည် ။ အများ စုကတော့ လူငယ်များ ဖြစ်ကြသည် ။ တစ်ခါတလေကျတော့လည်း ဟိုဘက် Blog နှင့် သည် ဘက် Blog အဖွဲ့သားချင်းရင်းနှီးကာ နှစ်ဖွဲ့တစ်ဖွဲ့ ပေါင်းမိခြင်းများ ၊ အခန့်မသင့်လျှင် စကားလုံးများ ပစ်ပေါက် အော်ဟစ် ရန်ဖြစ်ခြင်းများ လည်း များ စွာ ရှိခဲ့သည် ။ ထိုအချိန်က ဖေ့စ်ဘွတ်သည် မြန်မာပြည်မှ လူအများကြား ခုလောက်လူကြိုက်မများ သေး။

တိုးတက်လာသည် ဟု သမုတ်ကြသည့် ယနေ့ခေတ်၏ ယဉ်ကျေးမှုတွင် အသားကျကျ မနေနိုင်မနေတတ်သူများ သာ ကဗျာ ရေးကြသည် ။ သို့မဟုတ် ကဗျာရေးကြသည် ဟု ကျွန်မ ထင်သည် ။ ကဗျာဟူသော ဝေါဟာရမှာ မည်သည့် ခေတ်တွင် မှ များ စွာ ရေပန်းမစားခဲ့။ လူကြိုက် မ

များ သလို ဝင်ငွေလည်း မရှိ။ ဖျော်ဖြေစရာ ပစ္စည်းများ စွာ မရှိခင် အခါ က စာအုပ်များ သည် လူသားများ အတွက် ဖျော်ဖြေစရာ အကောင်းဆုံး အရာဝတ္ထု ဖြစ်ခဲ့သည် ။ စာအုပ်ကောင်း များ စွာ ထွက်ခဲ့ကြသည် ။ တစ်ခါရိုက် အုပ်ရေ ဘယ်နှထောင် စသဖြင့် ကျွန်မတို့ အိပ်မက်သဖွယ် မြင်ခဲ့ရဖူးသည် ။ ယခုခေတ်တွင် စာဖတ်အား မရှိသလောက် ကျလာသည် ။ ကဗျာကတော့ အရင့် အရင် နှစ်များကထက် ပိုပိုပြီး ရေးသူတွေ များ လာသည် ။ ဟိုလူ့ကြည့်လည်း ကဗျာရေး၊ သည် လူ့ ကြည့်လည်း ကဗျာ ရေး၊ လက်မလေး လက်ညှိုးလေး ထိလိုက်ရုံနှင့် ကိုယ်ရေးချင်သမျှ ရေး နိုင်နေသော ခေတ်ပေကိုး။ သို့သော် ဖတ်လောက်သော ကဗျာ . . . ရှင် တို့ လည်း သိသည် မြင်သည်၊ ကျွန်မတို့ လည်း သိသည် မြင်သည်၊ . . . မရှိသလောက်ကို ရှားသည် ။

"သည် ခေတ်မှာ ကဗျာကို အရူးတွေသာ ရေးတယ်" ဟု ကဗျာဆရာ နွယ်စိမ်းဝေ ရေးဖူးသည် ။ ဆိုလျှင် ယနေ့အချိန်သည် အရူးအများ ဆုံး ခေတ်ဖြစ်သည် ။ သို့မဟုတ် အရူးအများ ဆုံး ခေတ်ဖြစ်သည် ဟု ကျွန်မ ထင်သည် ။ သို့မဟုတ် ကျွန်မ အထင်သက်သက်လည်း ဖြစ်နိုင်သည် ။ မည်သို့ပင် ဆိုစေ အခြားသော နေပျော်စရာ မက်မောစရာ ဖျော်ဖြေရေး များ ရှိနေသည့် ကြားက ကဗျာစာကို ချစ်ကြသေးသော ကျွန်မတို့လို လူနည်းစု လူငယ်များ ရှိသေးသည့် အတွက်တော့ ကိုယ့် အရူးစိတ်နှင့် ကိုယ် လိပ်ပြာ လုံရသည် ။ ဘာမျှ ပြန်မရနိုင်သော ကဗျာစာအုပ် ထုတ်ဝေခြင်းကို နွေသစ်ငြိမ်း ဟူသည့် လူငယ်တစ်ဦးကလည်း အားတက်သရော ဝင်ရောက် လုပ်ကိုင်လာသည် ။

ဇာတိ(အန္တိမ)

ကဗျာတွေ စခေတ်စားတော့ ကျွန်မတို့ လူငယ်ဘဝ တကယ့်ကို အစပင် ရှိသေးသည် ။ သူ့ကို လူအတော်များများက ဝိုင်းဟားခဲ့ကြသည် ။ မိန်းကလေး အကြိုက်တွေပဲ ရေးတတ်သောသူဟု ဝိုင်း သမုတ်ကြသည် ။ ချစ်လိုဖွယ် နှစ်လိုဖွယ် ကောင်းအောင် နာကျင်တတ်သော သူ ဖြစ်သောကြောင့် ဖြစ်သည် ။ သူ့နောက်ကွယ်တွင် တော့ သူ့ကို လေးစားခဲ့ကြသည် ။

နွေသစ်ငြိမ်း၏ အရေးအသား များ သည် ကျွန်မတို့ လူငယ် ခေတ်ဦး၏ ဇာတိကို ပြန်လွမ်း စေသည် ။ "ကိုယ့်အတန်းပိုင်မလေး" ကို ချစ်သည် ။ လူတစ်ယောက်ကို နာကျင် ဆွတ်ပျံ့သူ လွမ်းနေသည် ။ အထီးကျန်ခြင်းနှင့် အတူ ချစ်စရာကောင်းသော အသုံးအနှုန်း အတွဲလေးများ စာကြောင်းကလေးများ . . . သူ့အရေးအဖွဲ့က အမှန်အားဖြင့် ရိုးစင်းသည် ။ သို့သော် ဆွတ်ပျံ့စရာ ကြည်နူးစရာ ကောင်းသည် ။ လက်များက တစ်ဆင့် စီးဆင်းလာသော သူ့စာကြောင်းများ သည် ရှင်တို့ နှုတ်ခမ်းကို အထက်သို့ မသိမသာ ဖြစ်စေ ကွေးသွားစေအောင် လုပ်ဆောင်ကြလိမ့်မည် ဖြစ်သည် ။ အေးချမ်းစွာ ပူလောင်နေသော လူငယ်တစ်ယောက်၏ ရှုံးသွပ်မှု၊ သို့မဟုတ် ယနေ့ခေတ် လူငယ်တို့ ၏ ထုံးစံ အရိပ်များ ထဲမှ လှပသော အရိပ်တစ်ခု . . . ထိုသို့ ကျွန်မ မြင်သည် ။ ထိုအရိပ်ကလေး ထိုရှုံးသွပ်မှုကလေး တာရှည်ခံမှု မခံမှုအား ကျွန်မ အာမ မခံလို။ သို့ရာတွင် မူ ကြမ်းတင်းလှသော ယခုလို ခေတ်ကြမ်းကြီးထဲတွင် . . . ရင့်သီးသော စကားများကို နေ့စဉ်သုံးလို အသုံးပြုနေကြသော ယနေ့အချိန်မျိုးတွင် . . . ရင့်သီးမှုများအား ပျင်းရိ လာကြသော ယနေ့အချိန်မျိုးတွင် . . . နွေသစ်ငြိမ်းလို နူးညံ့စွာ ပြင်းထန်နေသော စကားလုံး သမားများအား ကျွန်မတို့ မျှော်လင့်နေကြသည် မှာ မဆန်းဟု ကျွန်မ ထင်သည် ။ ကျွန်မတို့ မျှော်လင့်နေကြပါသည် ။ ဘာမှ ပြန်ရဖို့ မရှိသော

လောကထဲသို့ အလည်ဖြစ်စေ ဝင်ရောက်လာ သူတိုင်းကို ကြိုဆို မျှော်လင့်ထားပါသည် ။

သို့မဟုတ် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေခြင်းလည်း ဖြစ်နိုင်ပါသည် ။

ကျန်းမာပါစေ။
ချိုပိန်းနောင်

***

ဘယ်သူ့ကို ဘယ်သူကမှ နှုတ်ဆက်စရာ မလိုဘဲ
မင်းရော ကိုယ်ပါ အိပ်လို့ ပျော်ပြီဆိုရင်
ကိုယ်တို့ ဝေးသွားတာ . . . သေချာပြီ။ ။

***

Only Me နှင့် ပတ်သက်သမျှ

စိတ်ဓာတ်တွေ ကျဆုံးနေတယ်လို့ ထင်လာတဲ့ အချိန်တွေမှာ ကျွန်တော် စာတွေ ရေးရင်း ပြန်လည် ရပ်တည်မိတယ်။

အဲ့ဒီ ရပ်တည်မှုထဲမှာ ဆန္ဒတွေ ပါမယ်။ အတိတ်တွေ ပါမယ်။ ဆက်သွားခွင့် မရှိလို့ ပြန်လည် ချိုးကွေ့ခဲ့ရတဲ့ လမ်းတွေ အကြောင်းပါမယ်။ စိတ်ရှိလက်ရှိ ထိုင်ကြည့်ဖူးတဲ့ တိမ်တွေအကြောင်း ပါမယ်။ စိတ်ပျက်လက်ပျက် လက်လွှတ်လိုက်ရတဲ့ ပျော်ရွှင်ဖွယ်ရာ အစိတ်အပိုင်းတွေ ပါ

မယ်။ ကိုယ် ပိုင်ဆိုင် ထားပါလျက် ကိုယ်တိုင်တောင် နားမလည်နိုင်တဲ့ နေ့ရက်တွေ ပါမယ်။ ဘဝမှာ လုပ်ချင်တာကို တစ်ကြိမ်လောက် အခွင့်အရေး ရှိဖူးခဲ့တယ်လို့ ကျေနပ် ကြည့်ချင်ရုံပါပဲ။

**နွေသစ်ငြိမ်း**

***

သတိရရင် တိမ်တွေကို ကြည့်ပါ
နာကြည်းမိရင် မြေပြင်ကို ကြည့်ပါ

စိတ်ရှိလက်ရှိ ပေးခွင့် ရှိသလို
စိတ်ပျက်လက်ပျက် နင်းခွင့်လည်း ရှိဖို့

***